ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံ့ခင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)




# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

ကံရွာကျေးရွာ၊ကြို့ပင်စုကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံ့ခင်းမြို့နယ်

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုပြမြေပုံ



## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြို့ပင်စုကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁.ကိုင်းသာ ကျေးရွာ

၂. ကံရွာ ကျေးရွာ

၃. ကြို့ပင်စု ကျေးရွာ

၄. ကျောက်ပါးစပ်ကျေးရွာ

၅. ထန်းပင်ခုံကျေးရွာ

၆. လယ်ကျ ကျေးရွာ

တို့ဖြင့် ဖွဲ့စည်း ထားပါသည်။

၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအခြေခံအချက်အလက်များ

ကံရွာ

ကြို့ပင်စုကျေးရွာအုပ်စု

ကံရွာကျေးရွာသည် ကြံခင်းမြို့နယ်၊ကြို့ပင်စုအုပ်စုတွင်ပါဝင်သော ကျေးရွာဖြစ်ပါသည်။ ကံရွာကျေးရွာသည် ရှေးနှစ်ပေါင်းများစွာက ကျေးရွာ၏ဘေးတွင်အုတ်ကန်ကြီး တစ်ကန်ရှိသော ကြောင့်ထိုကန်ကြီးကိုအစွဲပြု၍ ကန်ရွာဟု ခေါ်ဝေါ်ခဲ့ကြသည်။ နှစ်ကာလ ကြာလှသည်နှင့်အမျှ ကန်ရွာဟူသောကျေးရွာအမည်မှ ကံရွာဟုပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ကံရွာကျေးရွာသည် လူနေအိမ်ခြေပေါင်း (၁၃၇)အိမ်ခြေရှိသည်။ လူဦးရေစုစုပေါင်းမှာ (၅၅၆) ဦးရေရှိသည်။ အမျိုးသားဦးစီးသော အိမ်ထောင်ဦးစီးမှာ(၁၁၆) အိမ်ထောင်ရှိသည်။ အမျိုးသမီးဦးစီးသော အိမ်ထောင်ဦးစီးမှာ (၂၁) အိမ်ထောင်ရှိသည်။

ကျေးရွာတွင်နေထိုင်ကြသော သူများသည် ဗမာ၊ချင်း၊ချင်းဗမာလူမျိုးရောများ နေထိုင်ကြသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် ဘုန်း တော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း ရှိသည်။

ပညာရေးအတွက် ကျေးရွာတွင်အလယ်တန်းကျောင်း ရှိသည်။ ကံရွာကျေးရွာသည် အုပ်စုရွာဖြစ်သည့် ကြို့ပင်စုကျေးရွာနှင့် ၂မိုင် ၂ဖာလုံ ခန့်ကွာဝေးသည်။ကျမ်းမာရေးအတွက် ကျေးရွာတွင်ကျန်းမာရေးဌာနခွဲ ရှိသည်။

ကျေးရွာတွင် အဓိကစီးပွားရေးအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ကျေးရွာတွင်လမ်းမှာ ချောင်းကျောက်ခင်းလမ်းဖြစ်သည်။

ကံရွာကျေးရွာတွင် သဘာဝဘေးအန္တရာယ် အဖြစ် ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်း ကျရောက်ဖူးသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဖွဲ့အစည်းများမရှိပါ။


၅။လူထုပူးပေါင်းပါဝင်သော
လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 26-12-2016 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 6 | 5 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 26-12-2016 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 7 | 5 | 12 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 26-12-2016 | ချမ်းသာ၊ အလယ်အလက် နွမ်းပါးအုပ်စုများ | 6 | 5 | 11 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 26-12-2016 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြား အဖွဲ့တွင်ပါဝင်သူများ | 8 | 5 | 13 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 26-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 5 | 5 | 10 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 26-12-2016 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 4 | 5 | 9 | -အရင်းမြစ်များပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | 29-12-2016 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 29-12-2016 | ကော်မတီဝင်များ နှင့်ရပ်ရွာလူထုများ | 18 | 15 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | 29-12-2016 | ကော်မတီဂင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | | | | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

## (က)လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ




လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- ကျေးရွာတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။
- ရွာမကြီးလမ်းအားလုံးသည် ချောင်းကျောက်ခင်းလမ်းများဖြစ်သည်။
- သချိုင်းသို့သွားသောလမ်းရှိ တံတားမှာပျက်ဆီးနေပါသည်။
- ဆေးပေးခန်း၊ စာကြည့်တိုက်တို့ရှိပါသည်။
- ရွာရှိအိမ်များသည် တစ်စု တစ်ဝေးတည်းမရှိပဲ အပိုင်းငယ်များကွဲနေသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်(က) | တိုက်ခံအိမ်၊လယ် (၃၅)ကေ၊ နွား ၅ ကောင်<br>လယ်ထွန်စက်ကြီး(၁)စီး၊ Honda ဆိုင်ကယ် ၊<br>PSI ၊ဝမ်းစာဖူလုံမှု (၃) နှစ် | ၆ | ၄.၄၄% |
| အဆင့်(ခ) | သွပ်မိုး ပြင်ထောင်အိမ်၊ လယ် (၂၀) ကေ ၊<br>နွား<br>(၂)ကောင် ၊ လယ်ထွန်စက်အသေး၊<br>ဆိုင်ကယ်၊<br>ဝမ်းစာဖူလုံမှု (၂) နှစ် | ၈၄ | ၆၂.၂၂% |
| အဆင့်(ဂ) | သွပ်မိုး ထရံကာအိမ်၊ လယ် (၅)ကေ ၊<br>နွား(၂)<br>ကောင် | ၁၁ | ၈.၁၄% |
| အဆင့်(ဃ) | သက်ကယ်မိုး ထရံကာအိမ်၊ ကျပန်း အလုပ် | ၃၄ | ၂၅.၂၀% |
| စုစုပေါင်း | | ၁၃၅ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## ဥစ္စာခနေကြွယ်ဂမူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စု များသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- အလွန်နွမ်းပါးအုပ်စုတွင် အိမ်ထောင်စု(၁၈) ပါဂင်သည်။
- နွမ်းပါးသောအကြောင်းအရင်းများမှာ ကျပန်းလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် ပုံမှန်ဂင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအား ကျောင်းမထားနိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများ နှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကို ဦးစား ပေး စဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်ရေးလုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဂင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခများရရှိပြီး ဂင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(၁)ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြက္ခဒိန်

ရာသီစွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ရာသီဥတုအနေဖြင့် တန်ခူးလ နှင့် ကဆုန်လတို့တွင်နေပူပြီး ကဆုန်မှ သီတင်း
- ကျွတ်လအထိ မိုးရွာသွန်းပါသည်။ တန်ဆောင်မုန်းလတွင် တိမ်ထူပြီး နတ်တော်လမှ တပေါင်းလအထိ ဆီးနှင်းများကျကာ နေပူပြင်းပါသည်။
- စိုက်ပျိုးရေးအနေဖြင့် တန်ခူးလတွင် မတ်ပဲသိမ်း၊ ကဆုန်လတွင် တောင်ယာပြင်၊ နယုန်လတွင် ပျိုးကျဲ၊ ဝါဆိုလနှင့် ဝါခေါင်လတို့တွင် ကောက်စိုက်၊ တော်သလင်းလတွင် ပဲတီစိမ်းနတ်၊ သီတင်းကျွတ်လတွင် ကောက်ရိတ်၊ တန်ဆောင်မုန်းလတွင် မြေပဲစိုက်၊ နတ်တော်လနှင့် ပြာသိုလတို့တွင် စပါးချွေကြပြီး တပို့တွဲလနှင့် တပေါင်းလတို့တွင် မတ်ပဲနတ်ကြပါသည်။
- ကဆုန်လနှင့် နယုန်လတို့တွင် ဝင်ငွေမရှိပါ။တန်ခူးလ၊သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် ဝင်ငွေအသင့်အတင့်ရရှိကြပြီး ကျန်လများတွင် ဝင်ငွေကောင်းပါသည်။
- ကျန်းမာရေးအနေဖြင့် တော်သလင်းလ နှင့် သီတင်းကျွတ်လတို့တွင် ဖျားနာတတ်ပြီး ကျန်လများတွင် ကျန်းမာရေး ကောင်းကြပါသည်။
- တန်ခူးလတွင် သင်္ကြန်ပွဲ ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲနှင့် တန်ဆောင်မုန်းလတွင် ကထိန်ပွဲ တို့ရှိပြီး ကျန်လများတွင် ပွဲတော်မရှိပါ။
- သောက်သုံးရေနှင့် အစာရေစာရှားပါးမှု မရှိပါ။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(ဃ) <u>ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာအလုပ်အကိုင်အခွင့်အလမ်း၊မိမိကိုယ်ကိုယုံကြည်မှု၊လုံခြုံမှု၊ဦးဆောင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏အလုပ်အကိုင်၊ ဝင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများအနေဖြင့် အားနည်းနေသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာရာနှုန်းပြည့်နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီးလုံခြုံမှုနည်းပါးခြင်း၊ အလုပ် အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများတန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအားလက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်








အရင်းအမြစ်များအပေါ် အသုံးပြုမှု/ထိန်းချုပ်မှု

**ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- လယ်မြေ၊ကိုင်းမြေ ၊ ချောင်း ၊ လမ်း ၊ အိမ် ၊ ရေတွင်းတို့ကို အမျိုးသားနှင့် အမျိုးသမီး တန်းတူ အသုံးပြုကြပါသည်။
- အမျိုးသားများသည် လယ်ထွန်ခြင်း ၊နွားနှင့် ထွန်စက်တို့ကို အသုံးပြုကြသည်။
- လယ်စိုက်ခြင်း၊ အပ်ချုပ်စက် တို့ကို အမျိုးသမီးများကအသုံးပြုကြသည်။
- လှည်း ၊နွား ၊လယ်ထွန်စက်တို့ကို အမျိုးသားများကထိန်းချုပ်ပါသည်။
- အမျိုးသမီးများက အပ်ချုပ်စက်တစ်မျိုးတည်းကိုသာ ထိန်းချုပ်ပါသည်။
- အိမ်၊ ဓမ္မာရုံ ၊ လယ် ၊ ရေတွင်း ၊ လယ် ၊ ကိုင်း တို့ကို အမျိုးသားနှင့် အမျိုးသမီးတို့အတူတကွထိန်းချုပ်ကြပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

(စ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင် သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖ များလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏သာရေးနာရေးများနှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီး များလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

### (ဆ) အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများ




<u>အခက်အခဲ ပြဿနာများ</u>

**အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။**

- **အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ လျှပ်စစ်မီးမရခြင်း၊ ခေါင်းလောင်းတောင်အဆင်းမကောင်းခြင်း၊ ဘောလုံးကွင်း မရှိခြင်းတို့ဖြစ်ပါသည်။

- **အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ အလုပ်အကိုင်ရှားပါးခြင်း အခက်အခဲ၊ ရွာလယ်ရေလျှံခြင်းတို့ကို အမျိုးသမီးများ ဘက်မှ တင်ပြဆွေးနွေးကြသည်။

အမျိုးသားများအဆိုပြုသောအခက်အခဲများနှင့်အမျိုးသမီးများအဆိုပြုသောအခက်အခဲများအများအားဖြင့်တူညီနေကြသည်။အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ် နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်

<u>(၈)ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>




ကျေးရွာမျှော်မှန်းချက်များ

**ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် မျှော်မှန်းထားကြသည်။ ထို့အပြင် ပညာတတ်များ ပေါ်များရန်၊ အလုပ်လက်မဲ့များ အလုပ်ရရှိရန်၊ လျှပ်စစ်မီး ရရှိရန်၊ အထက်တန်းကျောင်းရှိရန်၊ အဆင့်မြင့် အားကစားကွင်းရှိရန် နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွာကြီးဖြစ်လာစေရန် မျှော်မှန်းထားပါသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်းလမ်းကိုကွန်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံး လျှပ်စစ်မီးလင်းနိုင်ရေး စသည်ဖြင့် မျှော်မှန်းထားကြသည်။ ထို့အပြင် အမျိုးသမီးများသည် စာသင်ကျောင်းဆောက်လုပ်နိုင်ရန်၊ မျှော်မှန်းထားကြသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသောမျှော်မှန်းချက်များရှိကြသည်။ အိမ်တွင်းမှုကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့်အတွက် အမျိုးသားများနှင့် မတူညီသော အိမ်တွင်းမှုနှင့်ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုး သမီးများက မျှော်မှန်းထားကြသည်။

အမျိုးသမီးများသည် ၎င်းတို့ကျေးရွာတွင် စုံလင်စွာရရှိနိုင်သောဈေးတန်းရှိလျှင် ဈေးရောင်းခြင်းဖြင့် အမျိုးသမီးများ လည်း ဝင်ငွေရရှိနိုင်မည်။ မြို့ပေါ်သို့ဈေးဝယ်သွားရန် အချိန်မကုန်တော့သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ၎င်းတို့ အမျိုးသမီးများလည်း ပါဝင်လုပ် ဆောင်နိုင်မည်။ စသည့်တို့ကြောင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်စုံလင်စွာ ရရှိနိုင် သော ဈေးတန်းလေးရှိရန် မျှော်မှန်းထားကြခြင်း ဖြစ်ပေလိမ့်မည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်**

**(စျ)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။**

အမျိုးသားများအဆိုပြုသော လုပ်ငန်းများ

- ရွာတွင်း ကွန်ကရစ်လမ်း
- တာလုံးဖော် ချောင်းကျောက်ခင်းခြင်းနှင့် ဂုံးပေါက်
- မူကြိုကျောင်း
- ကျောက်ချောလမ်း
- ဘောလုံးကွင်း
- လျှပ်စစ်မီး

အမျိုးသမီးများအဆိုပြုသော လုပ်ငန်းများ

- ရွာတွင်း ကွန်ကရစ်လမ်း
- လက်မှုသင်တန်း
- တိုက်နယ်ဆေးရုံ
- ရွာဈေး
- ရေလှောင်ကန်
- တာလုံးဖော် ချောင်းကျောက်ခင်းခြင်းနှင့် ဂုံးပေါက်
- မူကြိုကျောင်း
- ကျောက်ချောလမ်း
- ဘောလုံးကွင်း
- လျှပ်စစ်မီး

## ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများ( ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက် )

ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်သောလုပ်ငန်းများကို အမျိုးသား နှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ အပြန်အလှန်သုံးသပ်ခဲ့ကြခြင်း ဖြစ်သည်။ ကျေးရွာ၏ လိုအပ်ချက်များကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ခြုံငုံသုံးသပ်ခဲ့ကြသည်။
အမျိုးသားနှင့်အမျိုးသမီး အဆိုပြုသောလုပ်ငန်းများ အများအားဖြင့် တူညီကြသည်။ ရွာတွင်းကွန်ကရစ်လမ်းလုပ်ငန်းမှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး ဆန္ဒပြင်းပြကြ သည်။ ဘောလုံးကွင်းရရန်ကို အမျိုးသားများက ဆန္ဒပြင်းပြကြသည်။

ကျေးရွာအားခြုံငုံသုံးသပ်ကြည့်ပါက အများအားဖြင့်ပြည့်စုံမှုရှိသည်ဟုထင်ရသော်လည်း ဥသျှစ်ခုံဟု အမည်တွင်နေသော ရပ်ကွက်ကလေးတွင် လိုအပ်ချက်များစွာ ရှိနေသေးကြောင်းတွေ့ရပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်**

**(ည)ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။**

ဦးစားပေးအဆင့် (၁) ရွာမကြီးကွန်ကရစ်ခင်းခြင်း

ဦးစားပေးအဆင့် (၂) ဥသျှစ်ခုံ တာလုံးဖော်ချောင်းကျောက်ခင်းခြင်း

ဦးစားပေးအဆင့် (၃) မူကြိုကျောင်း

ဦးစားပေးအဆင့် (၄) ကျောက်ချောလမ်း

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကြို့ပင်စုအုပ်စု၊ကံရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ဒုတိယမဲအများဆုံးတာလုံးဖော်ချောင်းကျောကခင်းခြင်းနှင့်ဂုံးပေါက်လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး မူကြိုကျောင်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ကျောက်ချောလမ်းလုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ စသည်ဖြင့် မဲစဥ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါသည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ဦးစားပေး(၁)နှင့်(၂)လုပ်ငန်း ဖြစ်သည်။ လမ်းများ ကောင်းမွန်ပါကကျေးရွာလူထုအားလုံးသွားလာရေးအဆင်ပြေနိုင်မည်။ ကျောင်းသားများလည်း အဆင်ပြေနိုင်မည်။ သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေချောမွေ့နိုင်သဖြင့် စီးပွားရေအဆင်ပြေ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင် ပေလိမ့်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ





ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးကျော်ဝင်း | |
| | | ဥက္ကဋ္ဌ | ဒေါ်ခင်နှောင်းဝင်း | 09455339291 |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးနိုင်ဝင်း | 0958705435 |
| | | အဖွဲ့ဝင် | ဒေါ်ဟေမာဦး | 09791401749 |
| | | အဖွဲ့ဝင် | ဦးအောင်ကျော်မင်း | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မေသူ | 0978305465 |
| | | အဖွဲ့ဝင် | ဒေါ်စန်းစန်းမြင့် | 09792806103 |
| | | အဖွဲ့ဝင် | ဦးစိန်ဝင်း | 09777255261 |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းထွန်း | |
| | | အဖွဲ့ဝင် | ဦးစိုးကြီး | 09774359882 |
| | | အဖွဲ့ဝင် | ဒေါ်ခင်မာဝင်း | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးလှမြင့်ထွန်း | 09774759834 |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး | အဖွဲ့ဝင် | ဦးစောအုန်းစိန် | 09795162960 |
| | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်ခိုင် | 09454744214 |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသိန်းထွန်းအောင် | |
| | | အဖွဲ့ဝင် | ဒေါ်ထွေးမြင့်ဖြူ | 09773386772 |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ဖကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးရွှေဘော် | | ၀၉-၇၉၄၄၇၉၈၆၂ | | ဦးကျော်မိုးဝေး |
| ပြည်နယ်၊တိုင်းဒေသကြီး ကချင် | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြို့ပင်ခရ | | ကျေးရွာ ကံရွာ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၉၆ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၉၆ |
| လူမျိုးစု (၂) ချင်း | ၁၆ | ဘာသာ (၂) ခရစ်ယာန် | ၁၆ |
| လူမျိုးစု (၃) ကရင် | ၁ | ဘာသာ (၃) ဗုဒ္ဓဘာသာ | ၁ |
| လူမျိုးစုရော ချင်း+ဗမာ | ၂၂ | ဘာသာရော ဗုဒ္ဓ+ခရစ် | ၂၂ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၁၁၊ မ-၁၅ | | ၁၉ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၁၉၉ | ၁၈၈ |
| လူမျိုးစု (၂) ချင်း | ၃၆ | ၃၁ |
| လူမျိုးစု (၃) ကရင် | ၆ | ၃ |
| အိမ်ထောင်ဦးစီး | ၁၁၁ | ၂၄ |
| လူမျိုးစု (၄) ချင်း+ဗမာ | ၄၈ | ၄၂ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် ခရစ်ယာန်ကျောင်း (၂)ကျောင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း ✓ | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁------/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၁၅ မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -မှာလာမုန်းတိုင်း၊ ရေကြီးမှု

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လူထုဗဟိုပြုအဖွဲ့

(၂) ကျောင်းကော်မတီ

ကျေးရွာခေါင်းဆောင် — အမည် ဦးရွှေဘအောင် — လက်မှတ် — နေ့စွဲ

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မိုးဝင်း — လက်မှတ် — နေ့စွဲ

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒိုးကျော်မိုးဇင် | | | |
| နေ့စွဲ 26-12-16 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် ကြွန်း | ကျေးရွာအုပ်စု တြို.ဝေနန် | ကျေးရွာ ဇာရွာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.12.17 | 26.12.17 | ၃၃ | ၃၄ | ၆၇ | ၆ ၂ ၅၉ ရှင်း၊ ကရင်၊ ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 29.12.17 | 29.12.17 | ၂၇ | ၃၃ | ၆၀ | ၅၅ ၃ ၅ ရှင်း၊ ကရင်၊ ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃.၁.၁၇ | ၂၃.၁.၁၇ | ၁၅ | ၁၄ | ၂၉ | ရှိုင်းယာ၊ ရှင်းယာ၊ ဗမာပါ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | ၁၆.၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၇.၂.၁၇ | ၁၇.၂.၁၇ | ၆ | ၆ | ၁၂ | ရှင်းယာ၊ ရှိုင်းယာ၊ ဗမာပါ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၃.၁၇ | ၁.၃.၁၇ | ၄၀ | ၄၇ | ၈၇ | ဗမာ၊ ၅၇ ရှင်း၊ ၃၀ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁.၃.၁၇ | ၁.၃.၁၇ | ၄၀ | ၄၇ | ၈၇ | " |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁-၃-၁၇ | ၁-၃-၁၇ | ၄၀ | ၆၇ | ၈၇ | စမာ-၅၁ | ချုပ်-၃၉ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁-၃-၁၇ | ၁-၃-၁၇ | ၄၀ | ၆၇ | ၈၇ | 〃 | 〃 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁-၃-၁၇ | ၁-၃-၁၇ | ၄၀ | ၄၇ | ၈၇ | 〃 | 〃 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 2245/17 | 2245/17 | 29 | 38 | 72 | မော-မြစ | ချုပ်-၄ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မိုးဝင်း |
| နေ့စွဲ 29-12-16 — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး — ကြံခင်း မြို့နယ် — ကျေးရွာအုပ်စု [illegible] — ကျေးရွာ ကံရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဥယျာဉ်ခြံမြေ လယ်မကောင်းခြင်း | ၁ | ဆည်မြောင်း လမ်းမကောင်းခြင်း |
| ၂ | လျှပ်စစ်မီး မရရှိခြင်း | ၂ | အလုပ်ရှားခြင်း |
| ၃ | [illegible] | ၃ | ဈေးလမ်း ဝေးလွန်းခြင်း |
| ၄ | ကားလမ်း ကောင်း မရှိခြင်း | ၄ | |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | [illegible] | ၁ | [illegible] |
| ၂ | အထက်တန်းကျောင်း | ၂ | ကျောင်းကျောက်လမ်းမှ ကတ္တရာလမ်း ဖြစ်ရမည် |
| ၃ | ကွန်ကရစ် လမ်း | ၃ | ဆေးကုသမှုများ [illegible] ရမည် |
| ၄ | လျှပ်စစ်မီး ရရှိရန် | ၄ | လျှပ်စစ်မီး ရရှိရမည် |
| ၅ | အဆင့်မြင့် [illegible] ရှိရန် | ၅ | ရွာတွင်း ကွန်ကရစ်လမ်း ဖြစ်ရမည် |
| ၆ | အလုပ်လက်မဲ့များ အလုပ်အကိုင် ရရှိရမည် | ၆ | ရွာဈေး ရှိရမည် |
| ၇ | | ၇ | အမျိုးသမီးများ [illegible] နှင့် အလုပ်အကိုင် [illegible] ရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း ကွန်ကရစ်လမ်း | အမျိုးသား+အမျိုးသမီး | ၁၂၁ သိန်း | ၃၄၈ |
| ၂ | မူကြို ကျောင်း | 〃 | | |
| ၃ | ကျောက်ချောလမ်း | 〃 | ၁၀၀ သိန်း | ၃၄၈ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး | 〃 | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် -------------------------------- လက်မှတ် ---------------------------- နေ့စွဲ--------------------------------

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

## ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF ၅ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်မိုးဝင်း၊ ဒေါ်ခင်မေ[illegible] | | |
| နေ့စွဲ ၂၃.၁.၂၀၁၈ | လုပ်ငန်းအားအကောင်အထည်ဖော်မည့်အစ ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ကြခင်း | ကျေးရွာအုပ်စု<br>ကြို့ပင်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အသိမြှင့်တင်ပြသူ | ခန့်မှန်းတန်ဖိုးဝိုက်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကံရွာ (အောက်ရွာ) | (၁) ကျောက်ကရစ်လမ်း<br>(၂) ကိုး[illegible]နှင့်<br>(၃) တာလုံး[illegible] ချောင်း[illegible] | ၇၀၀'×၁၀'×၀'-၈"<br>၁၀'×၁၀'×၆'-၆"<br>၁၀၅၀'×၈'×၀'-၆" | ၅၄၈ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၁၂၁ သိန်း | | | ၁၂၁ သိန်း |
| ကြို့ပင်စု | - တာလုံး မြောင်း ချောင်းကျောက်ခင်း ခြင်း | ၆၀၀'×၁၂'×၀'-၉" | ၁၄၀၁ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၆ သိန်း | | | ၅၆ သိန်း |
| တိုင်းသာ | - ကျောက်ကရစ်လမ်း | ၄၀၀'×၁၀'×၀'-၆" | ၆၅၄ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၅ သိန်း | | | ၅၅ သိန်း |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်ကွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျောက်ပါးစပ် | ① ကွန်ကရစ်လမ်း<br>② ဂိုပေါက်<br>③ တာတမံဖော် | ၂၄၀'×၇'×၀'-၆"<br>၁၄'×၁၀'×၅'-၀"<br>၁၇၀၀'×၈'×၀'-၆" | ၄၄၃ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၆၈ သိန်း | | | ၆၈ သိန်း |
| | ချောင်းကျောက်ခင်းခြင်း | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| လယ်ကျေ | ① တံတား<br>② ဂိုပေါက် | ၂၀'×၁၀'×၉'<br>၁၅'×၁၀'×၇'-၀" | ၆၈ | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၁၃၀ သိန်း | | | ၁၃၀ သိန်း |
| | ③ ဆက်သွယ်ရေးလမ်းချော်ကျောက်ခင်းခြင်း | ၄၀၀၀'×၁၀'×၀'-၆" | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသန်းစိုး ၊ ဒေါ်ခင်နွေးဝင်း

လက်မှတ် ရက်စွဲ ၂၃.၁၁.၂၀၁၇

ဒေါ်ခင်နွေးဝင်း ဦးသန်းစိုး

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**(ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကံရွာ** **ရက်စွဲ- ၂၆/၁၂/၂၀၁၆**

ကံရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (16/12/2016)ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏နေအိမ်၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသောကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာနေအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြို့ပင်စု** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ ကံရွာ** **ရက်စွဲ - ၂၇/၁၂/၂၀၁၆**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (17/12/2016)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

# ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းကွန်ကရစ်လမ်း | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | တာလုံးဖေါ်ချောင်းကျောက်လမ်းနှင့်ဂုံးပေါက် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | မူကြိုကျောင်း | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ကျောက်ချောလမ်း | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးသင်တန်းများ | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ချုပ်သင်တန်း | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ရေကန် | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | လျှပ်စစ်မီး | | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | | | | | |
| | | | | | | |